BURMESE

# International Families Resource Guide
# နိုင်ငံပေါင်းစုံမှလာသောမိသားစုများအတွက် မှီခိုအားထားရာလမ်းညွှန်

ဤ guide လမ်းညွှန်မှာ မှီခိုအားထားစရာများနှင့်ဝန်ဆောင်မှုများတို့အတွက် Nashville နက်ရှ်ဗေးလ်မြို့ အတွင်းရှိ နိုင်ငံပေါင်းစုံမှ မိသားစုများကို ဆက်သွယ်ပေးရန်အတွက် MNPS ဝန်ထမ်း၊ကွန်မြူနတီ အဖွဲ့ အစည်းများနှင့် ကွန်မြူနတီ ခေါင်းဆောင်များတို့ကို ကူညီပေးရန် ဖြစ်ပါသည်။

မှီခိုအားထားစရာများကို ဝန်ဆောင်မှု အမျိုးအစားနှင့်အဖွဲ့အစည်းအလိုက် ဖော်ပြထားပါသည်။



Alignment Nashville’s Integration of International Families A-Team သည် အကြောင်းအရာဆိုင်ရာ ရည်ရွယ်ချက်များအတွက် အဖွဲ့အစည်းအမျိုးမျိုးမှ ဤမှီခိုအားထားစရာစာရင်းကို စုဆောင်းထားပါသည်။ A-team သည် အကြောင်းအရာအချက်အလက်တို့၏တိကျမှန်ကန်မှု၊ပြည့်စုံမှုနှင့်အသုံးဝင်မှုတို့အတွက် ဥပဒေပိုင်းဆိုင်ရာတာဝန်ရှိခြင်းတို့အတွက် တာဝန်ယူရမည်ဟု မယူဆပါ။ အချုပ်ဆိုရသော် အဖွဲ့အစည်းများ၏ဖော်ပြထားသောအချက်အလက်များအတွက် ထောက်ခံချက်ပေးခြင်း သို့မဟုတ် ရည်ညွှန်းခြင်းတို့ကို A- team မပြုလုပ်ပါ။

## MNPS Offices and Support Services
## MNPS ရုံးခန်းများနှင့်ကူညီပေးသောဝန်ဆောင်မှုများ

1. Family Information Center မိသားစု ပြန်ကြားရေးဌာန
2. Board of Public Education အစိုးရပညာရေးဘုတ်အဖွဲ့
3. Community/Family Partnerships ကွန်မြူနတီ မိသားစု လုပ်ဖော်ကိုင်ဖက်များ
4. Diversity and Equity ကွဲပြားခြားနားမှုနှင့်ညီမျှမှု
5. Office of English Learner အင်္ဂလိပ်ဘာသာစကားကို သင်ယူလေ့လာသူများ၏ရုံးခန်း
6. Exceptional Education တမူထူးခြားသောပညာရေး
7. H.E.R.O – Programs for Families in Transition အကူးအပြောင်းကာလရှိမိသားစုများအတွက်ပရိုဂရမ်များ
8. Human Resources and Talent Services လူ့အင်အားအရင်းအမြစ်နှင့်ပါရမီ ဝန်ဆောင်မှုများ
9. Pre-K မူကြို
10. Office of School Counseling ကျောင်းမှ ဆွေးနွေးတိုင်ပင်ခြင်းကိုပြုလုပ်သည့်ရုံးခန်း

## Community Organizations by Category
## အမျိုးအစားအလိုက်ရှိသော ကွန်မြူနတီအဖွဲ့အစည်းများ

### Advocacy ကူညီထောက်ပံ့ပေးသူများ

1. Catholic Charities of TN
2. Legacy Mission Village
3. Tennessee Immigrant & Refugee Rights Coalition
4. Legal Aid Society
5. Tennessee Justice for Our Neighbors
6. Nashville CARES
7. Conexion Americas

### Food/Nutrition Services
### အစားအသောက်/အာဟာရ ဝန်ဆောင်မှုများ

1. University Community Health Services
2. Neighborhood Health
3. STMP, The Holy Family Health Center
4. Faith Family Medical Center
6. Nashville CARES
7. Second Harvest Food Bank of Middle TN

**Counseling ဆွေးနွေးတိုင်ပင်ခြင်း**

1. Catholic Charities of TN
2. Neighborhood Health
3. University Community Health Services
4. STMP, The Holy Family Health Center
5. Safe Haven Family Shelter
6. Nashville CARES
7. Sexual Assault Center

**Citizenship နိုင်ငံသားဖြစ်ခြင်းဆိုင်ရာ**

1. Catholic Charities of TN
2. Sebelist Buchanan Law PLLC
3. Legacy Mission Village
4. Tennessee Immigrant & Refugee Rights Coalition
5. Nashville Public Library
6. Tennessee Justice for Our Neighbors

## Community Organizations by Category (Cont.)

**Family Literacy and Translation Services**
**မိသားစု စာတတ်မြောက်ရေးနှင့်ဘာသာပြန် ဝန်ဆောင်မှုများ**

1. Catholic Charities of TN
2. Nashville Adult Literacy Council
3. Tennessee Foreign Language Institute
4. YWCA of Nashville & Middle Tennessee
5. Legacy Mission Village
6. Nashville International Center for Empowerment
7. Homework Hotline, Inc.
8. Conexion Americas
9. Nashville State Community College - ESL - English as a Second Language
10. Progreso Community Center-Centro Comunitario Progreso
11. Tennessee Foreign Language Institute

**Mentoring/ Tutoring/ Youth Programs**
**လမ်းညွှန်ပြခြင်း/သင်ကြားပေးခြင်း/လူငယ်အစီအစဉ်များ**

1. Catholic Charities of TN
2. Oasis Center
3. Nashville Adult Literacy Council
4. Tennessee Foreign Language Institute
5. Legacy Mission Village
6. Nashville Center for International Empowerment
7. Nashville Public Library
8. Safe Haven Family Shelter
9. Homework Hotline, Inc.
10. Conexion Americas
11. YMCA of Middle Tennessee Latino Achievers
12. Salahadeen Center of Nashville

### Immigration လူဝင်မှုကြီးကြပ်ရေး

1. Catholic Charities of TN
2. Sebelist Buchanan Law
3. Legacy Mission Village
4. Tennessee Immigrant & Refugee Rights Coalition
5. Nashville International Center for Empowerment
6. Nashville Public Library
7. Tennessee Justice for Our Neighbors

### Healthcare ကျန်းမာရေး

1. Siloam Health
2. Neighborhood Health
3. Interfaith Dental Clinic
4. University Community Health Services
5. STMP, The Holy Family Health Center
6. Faith Family Medical Center
7. Nashville CARES

### Cultural Education and Human Relations ရိုးရာယဉ်ကျေးမှုပညာပေးနှင့်လူမှုဆက်ဆံရေး

1. Metro Human Relations Commission
2. Respect Nashville
3. Global Education Center
4. Faith & Culture Center
5. Salahadeen Center of Nashville

### Transitional Housing/ Housing Assistance အသွင်ကူးပြောင်းးမှုအိမ်ရာ/အိမ်ရာ ကူညီပေးမှု

1. The HERO Program for Families in Transition, Metropolitan Nashville Public Schools
2. Safe Haven Family Shelter
3. Catholic Charities of TN
4. Oasis Center

## Community Organizations by Category (Cont.)

### Economic Development, Employment and Job Readiness အကျိုးအမြတ်ရှိသောဖွံ့ဖြိုးတိုးတက်မှု၊အလုပ်အကိုင်နှင့် လုပ်ငန်းအတွက် အဆင်သင့်ဖြစ်မှု

1. Sew for Hope
2. Workforce Essentials
3. Catholic Charities of Middle Tennessee
4. Nashville International Center for Empowerment
5. Conexion Americas
6. Oasis Center

TN Latin American Chamber of Commerce

# MNPS ရုံးခန်းများနှင့်ကူညီပေးသောဝန်ဆောင်မှုများ

**BOARD OF PUBLIC EDUCATION**
2601 Bransford Avenue
615-259-8487
Cameo.Bobo@mnps.org

ပညာရေးဘုတ်အဖွဲ့၏အစည်းအဝေးများ၊ပေါ်လစီ၊မင်ဘာအဖွဲ့ဝင်များ၊ တောင်းဆိုချက်များ၊ခရိုင် ဘုတ်အဖွဲ့ board districts

**COMMUNITY/FAMILY PARTNERSHIPS**
2601 Bransford Avenue
615-259-8569
Molly.Sehring@mnps.org

Family Involvement Specialists, Parent University

**DIVERSITY AND EQUITY**
2601 Bransford Avenue
Executive Officer for Diversity and Equity
615-259-8419
Maritza.Gonzalez@mnps.org

**EXCEPTIONAL EDUCATION**
2601 Bransford Avenue
615-259-8698
Debbie.McAdams@mnps.org

အထူးစပါယ်ရှယ် ပညာရေး ဝန်ဆောင်မှုများ၊ အရည်အချင်း ပြည့်မှီမှုသင့်လျော်ခြင်းနှင့် မိဘိအားထားစရာများ

**FAMILY INFORMATION CENTER**
2601 Bransford Avenue
615- 259-INFO (259-4636)
familyinfo@mnps.org

Metro ကျောင်းများမှ မိသားစုများကို မေးခွန်းများ ဖြေကြားခြင်း၊ ကျောင်းနှင့်ခရိုင်ဝန်ထမ်းများ၏တိုင်ကြားချက်များကို ကြားဝင် ဖြန်ဖြေခြင်း၊ကျောင်းအပ်နှံမှုနှင့် school options ကျောင်းရွေးချယ်မှု အကြောင်းအရာ

**H.E.R.O PROGRAMS FOR FAMILIES IN TRANSITION**
2601 Bransford Avenue
615-259-8733
catherine.knowles@mnps.org
Transitional Services/Homeless

**HUMAN RESOURCES AND TALENT SERVICES**
2601 Bransford Avenue
615-259-8636
barbara.biggers-matthews@mnps.org

Career Opportunities and Employee Support
အလုပ်အကိုင် အခွင့်အလမ်းများနှင့်အလုပ်သမားအကူအညီ

**OFFICE OF ENGLISH LEARNERS**
615 Fessey Park Road
615-259-8608
kevin.stacy@mnps.org

အင်္ဂလိပ်စာကို သင်ယူလေ့လာသူများ၏ ဝန်ဆောင်မှု များ၊စကားပြန် တောင်းဆိုမှုများ၊အင်္ဂလိပ်စာကို သင်ယူ လေ့လာသူများကို အမည်စာရင်းသွင်းခြင်းနှင့် မိဘိ အားထားစရာများ

**OFFICE OF SCHOOL COUNSELING**
2601 Bransford Avenue
615-259-8554
nicole.cobb@mnps.org

Guidance and school counseling လမ်းညွှန်ပေးခြင်း နှင့်ကျောင်း ဆွေးနွေးတိုင်ပင်ခြင်း

**PRE-K**
4805 Park Avenue
615-298-6766
phyllis.phillips@mnps.org

Early Childhood Education

*Additional MNPS Offices and Services available at http://www.mnps.org/department-directory/*

# Community Resources ကွန်မြူနတီ မှီခိုအားထားစရာများ

**Catholic Charities of Middle Tennessee**
2806 McGavock Pk Nashville 37214
615-259-3567
www.cctenn.org

Mission ခံယူချက်တာဝန် – ခရစ်တော်၏ပုံဥပမာကိုယူပြီး Catholic Charities of the Diocese of Nashville နက်ရှိဗေးလ် ကာသိုလစ်ဖ် သာသနာ စာနာထောက်ထားရေး လုပ်ဆောင်မှုများသည် လိုအပ်နေသူများအတွက် ဘဝ၏တန်ဖိုးအရည်အသွေးကို တိုးမြှင့်စေသောနှင့်မြှင့်တက်စေသော ဝန်ဆောင်မှုများကို ပြုလုပ်ပေးပါသည်။

Services ဝန်ဆောင်မှုများ – Refugee Resettlement Services ဒုက္ခသည်များကို နေရာချထားသောဝန်ဆောင်မှုများ၊ Case Management စီမံခန့်ခွဲမှု၊ Employment Services အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုများ၊ Afterschool & Summer Programing ကျောင်းဆင်းချိန်နှင့် နွေရာသီ ပရိုဂရမ်အစီအစဉ်များ၊ Immigration Services လူဝင်မှု ကြီးကြပ်ရေး ဝန်ဆောင်မှုများ၊ School Case Management, Mentor Programming, Cultural Adjustment & Trauma Services, Food boxes, Rent/Utility Financial Assistance, SNAP applications, and ESL Classes.

ဆက်သွယ်ရန် – ဒုက္ခသည် နေရာချထားရေး Refugee Resettlement/Social Services လူမှုဝန်ဆောင်မှု များအတွက် kbranson@cctenn.org ၊ ဒုက္ခသည် အလုပ်အကိုင် ဝန်ဆောင်မှုများ Refugee Employment Services အတွက် aagosti@cctenn.org ၊ မူဆလင်နှင့်မူဆလင်မဟုတ်သူများအကြား ဆက်ဆံရေး တည်ဆောက်ရန်နှင့် ကွန်မြူနတီကို ဖန်တီးရန်အတွက် မတူညီကွဲပြားမှုအကြား လူငယ်အစီအစဉ်နှင့်

jescue@cctenn.org - All Youth programming & Cultural Adjustment & Trauma Services;
dgann@cctenn.org - Immigration Services

**Conexion Americas**
2195 Nolensville Pike, Nashville, TN, 37211
615-320-5152; hola@conexionamericas.org
www.conexionamericas.org

ကျွန်ုပ်တို့၏ခံယူချက်တာဝန်မှာ စပိန်စကားပြောသော Latino မိသားစုများကို ကြိုဆိုလက်ခံသောကွန်မြူနတီကို ဖွဲ့စည်းပေးရန်အတွက်နှင့် သူတို့ကို ကူညီပေးရန်နှင့်အဆင်ပြေအောင်မြင်စေရန်အတွက် အခွင့်အလမ်းများကို ဖန်တီးပေးရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ပရိုဂရမ်များသည် လာတီနိုမိသားစုများကို စီးပွါးရေးလုပ်ငန်းငယ်များကို စတင်နိုင်ရန်အတွက် ကူညီပေးရန်၊ အိမ်ရာပိုင်ဆိုင်သူများဖြစ်ရန်၊အင်္ဂလိပ်စာကို လေ့လာသင်ယူရန်၊ သူတို့၏သားသမီးများကို ကျောင်းတွင် ကူညီပေးရန်၊ taxes အခွန်ပေးဆောင်ရန် နှင့်ကောလိပ်အတွက် ပြင်ဆင်ပေးရန်နှင့်ကောလိပ်တွင် အောင်မြင်စေရန်အစရှိသည်တို့ကို ကူညီပေးပါသည်။ ဝန်ဆောင်မှုများတွင် ထောက်ခံအားပေးမှု၊သင်ကြားပေးသောဝန်ဆောင်မှုများနှင့် မိသားစုစာတတ်မြောက်ရေးတို့ ပါဝင်ပါသည်။

**Faith & Culture Center**
P.O. Box 112045 Nashville, TN 37222
615-784-8370; fcc@faithandculturecenter.org
faithandculturecenter.org

Faith & Culture Center သည် Middle Tennesse တွင် နေထိုင်ကြသောသူများ၏ယုံကြည်သက်ဝင်မှုနှင့်ရိုးရာဓလေ့ထုံးတမ်းများကို နားလည်ခြင်း၊အဓိပ္ပါယ်ရှိသောပေါင်းသင်းဆက်ဆံမှုနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုကောင်းမွန်မြှင့်တင်စေပါသည်။
ကျွန်ုပ်တို့သည် အဓိပ္ပါယ်လေးနက်မှုရှိသောပေါင်းသင်းဆက်ဆံရေး၏ဖွံ့ဖြိုးတိုးတက်မှုအားဖြင့် ကွဲပြားနေသောကွန်မြူနတီများအတွင်း ပေါင်းစပ်မှုကို ဖြစ်စေပါသည်။ ကျွန်ုပ်တို့သည် ကွန်မြူနတီများ အစွမ်းကုန်ပြည့်ပြည့်ဝဝ ဖြစ်ပေါ်ရန်နှင့်အမျိုးမျိုးသောပရိုဂရမ်များအားဖြင့် မူဆလင်နှင့်မူဆလင်မဟုတ်သောမတူညီသည့်အုပ်စုများအကြား ပေါင်းစပ်စေသည့်လိုအပ်သောပံ့ပိုးမှုရှိသောနေရာများကို စည်းရုံးဖွဲ့စည်းပါသည်။ ကျွန်ုပ်တို့၏ပရိုဂရမ်များတွင် ဘာသာပေါင်းစုံ၊ယဉ်ကျေးမှုပေါင်းစုံ၊လူမျိုးစုမျိုးစုံနှင့်လူမျိုးစုံတို့ ရှိပါ၏။ ကျွန်ုပ်တို့၏မျှော်မှန်းချက်မှာတင်နင်စီအလယ်ပိုင်းတွင် ပါဝင်သော ကွန်မြူနတီကို တည်ဆောက်ရန် ဖြစ်ပါသည်။

**Faith Family Medical Center**
326 21st Ave North
615-341-0808; Jsouthards@faithmedical.org
www.faithmedical.org

Faith Family ၏ခံယူချက်တာဝန်မှာ Nashville ရှိ ကျန်းမာရေးအာမခံရှိသူများ သို့မဟုတ် ကျန်းမာရေးအာမခံမရှိသောလူနာများကို ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်သော အထွေထွေ ကျန်းမာရေးအတွက် ဂရုစိုက်ခြင်းတို့ကို ပြုလုပ်ပေးပါသည်။ Faith Family Medical Center သည် အထွေထွေ ကျန်းမာရေးဂရုစိုက်ပေးသော်လည်း အထူးကျန်းမာရေးဂရုစိုက်ခြင်းအတွက် ဈေးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးပါသည်။

ရောဂါပြင်းထန်ခြင်းနှင့်ကျန်းမာကြံ့ခိုင်ရေးဝန်ဆောင်မှုများတို့ကို ပြုလုပ်ပေးပါသည်။ ဝန်ဆောင်မှုများမှာ - ကျန်းမာရေးဂရုစိုက်ခြင်းနှင့်ကျန်းမာကြံ့ခိုင်ရေးပရိုဂရမ်များ၊ကျန်းမာရေးနှင့်အာဟာရ။ sliding scale ဝင်ငွေပေါ်တွင် အခြေခံပြီး နှုန်းထားများမှာ လာရောက်သည့်အကြိမ်တိုင်းအတွက် $၂၀-၅၅ (ဓါတ်ခွဲခန်းခ အပါအဝင်) သတ်မှတ်ပါသည်။

**Global Education Center**
4822 Charlotte Ave. Nashville, TN 37211
615-292-3023; info@globaleducationcenter.org
www.globaleducationcenter.org

Global Education Center သည် ယဉ်ကျေးမှုများကို နားလည်ခြင်းနှင့်လေးစားခြင်းတို့ကို မြှင့်တင်စေရန်အတွက် လူတို့တွင်ရှိသောတူညီသည့်အချက်များကို မီးမောင်းထိုးပြရန်အတွက် မတူညီကွဲပြားသောရိုးရာယဉ်ကျေးမှုများ၏အနုပညာကို အသုံးပြုသည့်လူမျိုးစုံ ပညာပေးဌာနနှင့်ဘက်လိုက်ခြင်း မရှိသောနေရာ ဖြစ်ပါသည်။ အက၊တေးဂီတ၊ဗုံတီးခြင်းနှင့်ကမ္ဘာတလွှားမှ အနုပညာသင်တန်းများ၊သင်တန်းအများစုကို ဘာသာစကားနှစ်မျိုးပြောသောဆရာများမှ သင်ပေးခြင်း၊စပိန်စကားပြောသင်တန်းများ၊ ကမ္ဘာတလွှားမှ အနုပညာရှင်များ၏အခမဲ့ ကွန်မြူနတီဖျော်ဖြေမှုများနှင့်ပြဇာတ်များ။ဝင်ကြေးများမှာ အခမဲ့မှ မဆိုစလောက်ဈေးနည်းပါသည်။ ကျွန်ုပ်တို့၏ခံယူချက်တာဝန်မှာ ကွန်မြူနတီသို့ နားလည်ရန်လွယ်ကူသောနှင့်တန်ဖိုးတတ်နိုင်သောယဉ်ကျေးမှုမျိုးစုံတို့မှ အနုပညာကို ပံ့ပိုးကူညီပေးရန် ဖြစ်ပါသည်။

**The HERO Program for Families in Transition, Metropolitan Nashville Public Schools**

2601 Bransford Avenue Nashville, TN 37204
615-259-8729; catherine.knowles@mnps.org
http://www.mnps.org/homeless-family-resources/?rq=homeless%20education

HERO Program သည် အကူးအပြောင်းစပ်ကူးမပ်ကူးနှင့် အိုးအိမ်မဲ့အခြေအနေကို ကြုံတွေ့နေရသောမိသားစုများနှင့် ကျောင်းသားများတို့ကို ကူညီပေးပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများသည် ပုံမှန်သတ်မှတ်ထားသောဈေးနှုန်းနှင့် သင့်တော်သောညအိပ်ရန်နေရာတို့ကို မပေးနိုင်သည့်အတွက်ကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကူညီပေးနေသောမိသားစုများသည် မိတ်ဆွေ/ဆွေမျိုးများတို့ဖြင့် နေထိုင်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် နေထိုင်စရာကိုယ်ပိုင်အိမ် သို့မဟုတ် ခိုလှုံစရာနှင့်မိုတယ်တို့ မရှိသောကြောင့် ဖြစ်ပါသည်။ ကျောင်းဝတ်စုံများ၊ကျောင်းသုံးပစ္စည်းများနှင့်အစားအသောက်များတို့ကို ထောက်ပံ့ပေးသလို သူတို့အတွက် ဆွေးနွေးတိုင်ပင်ခြင်းနှင့်အိမ်ရာကူညီပေးခြင်းတို့အတွက် ကွန်မြူနတီနှင့်ကျောင်းများမှ မှီခိုအားထားရာများကို ရရှိရန် လွှဲပြောင်းပေးခြင်းများတို့ကိုလည်း ပြုလုပ်ပေးပါသည်။ မိသားစုများနှင့်ကျောင်းသားများသည် ကျောင်းသားများတက်နေသောကျောင်းများတွင်၊ကျောင်းအပ်ဌာန enrollment center တွင် သို့မဟုတ် ကျောင်းခရိုင်ရှိ EL ဌာနတို့တွင် ကျွန်ုပ်တို့ ထောက်ပံ့ပေးသောပရိုဂရမ်အတွက် လိုအပ်သည့်စစ်ဆေးမှုစာမေးပွဲနှင့်လျှောက်နိုင်သည့်စာရွက်စာတမ်းတို့ကို ဖြည့်နိုင်ပါသည်။ McKinney-Vento Act အက်ဥပဒေအောက်ရှိ ကျွန်ုပ်တို့၏ပရိုဂရမ်မှ ဝန်ဆောင်မှုများကို အိမ်ရာမဲ့ homeless အဖြစ် လက်ခံရရှိရန်အတွက် မိသားစုများနှင့် ကျောင်းသားများသည် သတ်မှတ်ချက်ဖြင့် ကိုက်ညီရမည်။

**Homework Hotline, Inc.**
4805 Park Ave Nashville, TN 37209
615-298-6636; ask@homeworkhotline.info
homeworkhotline.info

သူငယ်တန်းမှ ၁၂ တန်းကျောင်းသားများနှင့်သူတို့၏မိဘများအတွက် အခမဲ့အနီးကပ်သင်ကြားပေးသော tutoring ကို ပြုလုပ်ပေးပါသည်။tutoring သည် TN ကျောင်းသားများအားလုံးတို့ကို ဖုန်းနှင့်ဖြင့် အခမဲ့ကူညီပေးပါသည်။ Homework Hotline အချိန်မှာ ညနေ ၄-၈ နာရီ၊ တနင်္လာမှ ကြာသပတေး၊ ဩဂုတ်မှ မေလအထိ ဖြစ်ပါသည်။

**Interfaith Dental Clinic**
1721 Patterson Street Nashville, TN 37204
615-329-4790; gabe@interfaithdentalclinic.com
www.interfaithdentalclinic.com

Interfaith Dental Clinic သည် ဝင်ငွေနဲပြီး Nashville တွင် အလုပ်လုပ်သောမိသားစုများအတွက် သွားနှင့်ခံတွင်းကို ဂရုစိုက်ပေးပါသည်။ ကုန်ကျမှုသည် မိသားစု၏ဝင်ငွေပေါ်မူတည်ပြီး အခြေခံပါသည်။ လူနာများသည် လျှောက်လွှာပါအတိုင်း ကိုက်ညီမှုရှိနေရပါမည်။

**Legacy Mission Village**
5123 Nolensville Road, Nashville TN 37211
615-649-8858; info@legacymissionvillage.org
www.legacymissionvillage.org

ဒုက္ခခံသည်များကို နိုင်ငံသားဖြစ်ရန်နှင့်သူတို့သည် အောင်မြင်ရန်အတွက် ခန္ဓာစိတ်ဉာဏအပြည့်အဝဖြင့် ဆောင်ရွက်နိုင်ကြောင်းကို သိရှိမြင်တွေ့နိုင်ရန်အတွက် တိုက်တွန်းအားပေးသောအခကြေးငွေမသတ်မှတ်သောအဖွဲ့ ဖြစ်ပါသည်။ ထောက်ခံကူညီပေးခြင်း၊ နိုင်ငံသားဖြစ်ခြင်းအတွက်ဝန်ဆောင်မှုများ၊လူဝင်မှုကြီးကြပ်ရေး၊ အနီးကပ်သင်ပြပေးသော Tutoring ပရိုဂရမ်များ၊အလုပ်အကိုင်၊ မိသားစု စာတတ်မြောက်ရေးနှင့်အခြားအရာများတို့အတွက် ဝန်ဆောင်မှုများကို ပြုလုပ်ပေးပါသည်။

**Legal Aid Society**
300 Deaderick St, Nashville, TN 37201
1-800-238-1443; www.las.org

Legal Aid Society သည် ဝင်ငွေနည်းပါးသောသူများကို အခမဲ့ ဥပဒေပိုင်းဝန်ဆောင်မှုများတို့ကို ဆောင်ရွက်ပေးသော သီးသန့်ကိုယ်ပိုင်၊အကျိုးအမြတ်မယူသောအဖွဲ့အစည်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အကျဉ်းထောင်ကျသောအခြေအနေမရှိသည့် အများပြည်သူဆိုင်ရာအမှုအခင်းများကိုသာ ဆောင်ရွက်ပါသည်။ ၎င်း၏ခံယူချက်တာဝန်မှာ ဝင်ငွေနည်းသောမိသားစုများ၏ဘဝအခြေခံလိုအပ်မှုများအတွက် လုံခြုံမှုရှိစေရန် ဥပဒေအခွင့်အရေးများကို အကျိုးရှိစေရန်၊ကာကွယ်ရန်နှင့် သက်ရောက်စေရန်တို့အတွက် ဖြစ်ပါသည်။

**Metro Human Relations Commission**
404 James Robertson Pkwy, St 130, Nashville TN 37219; 615-880-3370; mhrc@nashville.gov
http://www.nashville.gov/Human-Relations-Commission.aspx
Metro Human Relations Commission (MHRC) ၏ ခံယူချက်တာဝန်မှာ Nashville နှင့် Davidson County ဒေးဗစ်ဆန် ကောင်တီအတွင်းနေထိုင်ကြသူများအားလုံးကို ဂုဏ်သိက္ခာ၊ငြိမ်းချမ်းရေး၊လုံခြုံမှု၊အာမခံချက်၊ကျန်းမာရေးနှင့်ယေဘုယျလူမှုဖူလုံသက်သာချောင်ချိရေးအစရှိသည်တို့ကို တိုးမြှင့်ရန်နှင့် ကာကွယ်ပေးရန် ဖြစ်ပါသည်။ MHRC သည် ခွဲခြားဆက်ဆံခြင်း၏တိုင်ကြားချက်များနှင့်လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံခံရခြင်းအစသည်တို့ကို စုံစမ်းမေးမြန်းမှုများနှင့်ဖြေရှင်းပေးပါသည်။ အိမ်ရာ၊ငွေရေးကြေးရေး ဝန်ဆောင်မှုများ၊ကြေငြာလုပ်ငန်းများ၊ အများပြည်သူ နေထိုင်စားသောက်ရေးကူညီပေးမှုနှင့် မြို့တော်အတွင်းလှုပ်ရှားများနှင့်ဝန်ဆောင်မှုများတို့ ထောက်ပံ့ပေးခြင်းတို့ကိုလည်း ပြုလုပ်ပေးပါသည်။ MHRC သည် မတူညီသောအဖွဲ့အုပ်စုများ၏ဆက်ဆံရေးနှင့်ပြောဆိုဆက်သွယ်မှုတို့၏ထိရောက်မှုကို အထောက်အကူဖြစ်စေသောပညာရေးဆိုင်ရာမှီခိုအားထားစရာများတို့ကိုပါ ကမ်းလှမ်းဆောင်ရွက်ပေးပါသည်။

**Nashville Adult Literacy Council**
4805 Park Avenue, Nashville, TN 37209
615-298-8060; info@nashvilleliteracy.org
nashvilleliteracy.org; emily@empowernashville.org

Nashville Adult Literacy Council သည် အရွယ်ရောက်အမေရိကန်များကို စာဖတ်တတ်ရန်နှင့်သက်ကြီးနိုင်ငံပြောင်းရွှေ့လာသူများကို အင်္ဂလိပ်ဘာသာစကားသင်ကြားပေးသည့် 501(c)(3) အခြေခံသော အကျိုးအမြတ်မယူသည့်အဖွဲ့အစည်း ဖြစ်ပါသည်။ NALC သည် အင်္ဂလိပ်စာအဖတ်၊အရေးနှင့် တတ်ကျွမ်းမှုများတို့ကို သင်ပြပေးပါသည်။

**Nashville CARES**
633 Thompson Lane, Nashville, TN 37204
1-800-845-4266; www.nashvillecares.org

Nashville CARES သည် HIV/AIDS ရှိသောသူများနှင့်သူတို့၏ မိသားစုများတို့အတွက် ရောဂါကြောင့်ရင်ဆိုင်ကြုံတွေ့ရခြင်းများတို့ကို ကူညီပေးရန် ထူးခြားကောင်းမွန်သောဝန်ဆောင်မှုများ ၊ မှီခိုအားထားစရာများနှင့်လွှဲပြောင်းပေးမှုများတို့ကို ပြုလုပ်ပေးပါသည်။ ဝန်ဆောင်မှုများတွင် HIV စမ်းသပ်စစ်ဆေးခြင်းနှင့် ပညာပေးခြင်း၊ကျန်းမာရေးအာမခံကူညီပေးမှု၊ကြိုတင်ကာကွယ်ပေးသောဝန်ဆောင်မှုများ၊ကေ့စ်စီမံခန့်ခွဲရေး၊ဆွေးနွေးတိုင်ပင်မှု၊ ကူညီပေးသောအဖွဲ့များ၊ငွေကြေးကူညီပေးမှု၊အာဟာရဆိုင်ရာဝန်ဆောင်မှုများနှင့်အိမ်ရာအတွက် ဝန်ဆောင်မှုများတို့ ပါဝင်ပါသည်။

**Nashville International Center for Empowerment**
417 Welshwood Dr. Ste 100 Nashville TN 37211
615-315-9681
www.empowernashville.org

Nashville International Center for Empowerment ၏ ခံယူချက်တာဝန်မှာ ဒုက္ခသည်နှင့်နိုင်ငံပြောင်းရွှေ့လာသူများကို သူတို့၏အလားအလာအပြည့်အဝဖြင့် လက်ရှိနှင့်သူတို့၏နောင်မျိုးဆက်သစ်များအတွက် သေသေချာချာ အောင်မြင်စေရန် ဖြစ်ပါသည်။ Nashville ရှိ လူကြီးများအတွက် အင်္ဂလိပ်စာသင်တန်းများ၊ pre-GED အကြိုပြင်ဆင်သောဝန်ဆောင်မှုများ၊ ဒုက္ခသည်နေရာချထားရေး၊tutoring အနီးကပ်သင်ကြားပို့ချမှုသောပရိုဂရမ်များ၊အလုပ်အကိုင်၊မိသားစုနှင့်စာတတ်မြောက်ရေး၊ လုပ်ငန်းခွင်အတွက် အဆင်သင့်ဖြစ်စေသည့်သင်တန်းအစရှိသောသင်တန်းများအတွက်လည်း ပြုလုပ်ပေးပါသည်။ အသစ်ရောက်လာသော ဒုက္ခသည်မိသားစုများနှင့်ကျောင်းခရိုင် အတွက် MNPS Liaison program အဖြစ် MNPS ဆရာဆရာများနှင့်ဝန်ထမ်းများထံသို့ ယဉ်ကျေးမှုဖလှယ်ခြင်းများ။ ဝန်ဆောင်မှုအများစုမှာ အခမဲ့ဖြစ်ပါသည်။

**Nashville Public Library**
615 Church St, Nashville 37219
615-880-2264; megan.godbey@nashville.gov
https://library.nashville.org/

နိုင်ငံပြောင်းရွှေ့နေထိုင်သူများကို အင်္ဂလိပ်စာလေ့လာခြင်း၊ နိုင်ငံသားဖြစ်လျှောက်ခြင်းအတွက်နှင့်ဥပဒေပိုင်း အကူအညီများကို တွေ့ရှိစေသည့်ကွန်မြူနတီအေဂျင်စီနှင့်မှီခိုအားထားရာစာရင်းများ၏Website list.
http://nashvillepubliclibrary.org/newamericanscorner/ တွင် New Americans Corner site သို့ သွားရောက်လေ့လာပါ။

**Nashville State Community College - ESL - English as a Second Language**
120 White Bridge Rd, Nashville and 5248 Hickory Hollow Pkwy, Antioch
615-353-3380; wendy.dierberger@nscc.edu
nscc.edu/admissions/ESL

ကျွန်ုပ်တို့သည် ကောလိပ်အဆင့်လုပ်ငန်းများအတွက် အဆင်သင့်ဖြစ်ရန် နိုင်ငံပြောင်းရွှေ့လာသူများနှင့်နိုင်ငံတကာကျောင်းသားများတို့ကို ကျောင်းသုံးအင်္ဂလိပ်စာကို သင်ကြားပေးသောအင်္ဂလိပ်စာသင်တန်းများကို ပြုလုပ်ပေးပါသည်။ အလယ်အလတ်အဆင့်မှ အဆင့်မြင့်အထိ အဆင့် ၃ခု ESL သင်တန်းများကိုလည်း ပြုလုပ်ပေးပါသည်။ ကြိုတင်ပြီး စာရင်းပေးခြင်းသည် အရေးကြီးပါ၏။ သင်တန်းများသည် လူအနည်းအကျဉ်းသာလက်ခံပြီး လူပြည့်မြန်ပါသည်။ ကျောင်းသား တက်ဖို့ရွေးချယ်သည့်အတန်းပေါ်တွင် မူတည်ပြီး သင်တန်းကြေးများမှာ ကွာခြားပါသည်။ အကယ်၍ သင်တို့သည် အရည်အချင်းပြည့်မှီပါက သင်တန်းများအားလုံးတို့အတွက် Financial Aid ကို ရနိုင်ပါသည်။

**Neighborhood Health (Previously United Neighborhood Health Services.)**
Business address NOT clinic: 2711 Foster St. Nashville, TN 37210; 615-227-3000;
www.neighborhoodhealthtn.org

Neighborhood Health သည် ကျွန်ုပ်တို့၏ကွန်မြူနတီတွင်အားလုံး ကျန်းမာကြံ့ခိုင်မှုကို တိုးတက်လာစေရန်အတွက် ထက်သန်စွာ ဆောင်ရွက်ပေးပါသည်။ ကျွန်ုပ်တို့သည် ကျန်းမာရေး၊ကိုယ်ဝန်ဆောင်၊သွားနှင့်ခံတွင်းနှင့်ဆွေးနွေးတိုင်ပင်မှုများကို သွားလာရေးအဆင်ပြေသည့် ဆေးခန်း ၈ နေရာတွင် အထွေထွေကျန်းမာရေးဝန်ဆောင်မှုများကို ပြုလုပ်ပေးပါသည်။ မိသားစုများ၏ဝင်ငွေနှင့်အရေအတွက်ပေါ်တွင် မူတည်ပြီး ကုန်ကျမှုကို သတ်မှတ်ပါသည်။

**Oasis Center**
1704 Charlotte Ave., Nashville, TN 37203; 615-327-4455; www.oasiscenter.org; jfreudenthal@oasiscenter.org

Oasis သည် Wright Middle, Cameron College Prep, Glencliff High School and LEAD Academy High တို့တွင် New American students ကျောင်းသားများအတွက် *International Teen Outreach Program (ITOP)* ကို ပြုလုပ်ပေးပါသည်။ ကျသို့အထင်အရှားမြင်တွေ့ရမှုကို အခြေခံသောပုံစံသည် လူငယ်များကို ကောင်းမွန်သောအမူ အကျင့်များ၊ ဘဝတွင် သိထားရမည့်အရာများနှင့်ရည်မှန်းချက်ရှိခြင်းတို့ဖြစ်စေရန်အတွက် ကျောင်းတွင်းဆောင်ရွက်သည့်အဖွဲ့နှင့်ကျောင်းပြင်ပသင်ယူလေ့လာသောဆောင်ရွက်မှုများတို့ကို ပေါင်းစပ်ထားပါသည်။ *Oasis College Connection (OCC)* သည် ဝင်ငွေနည်းသောသူများ၊အမေရိကန်နိုင်ငံသားအသစ်နှင့်ပထမမျိုးဆက်တွင်

ကောလိပ်ကျောင်းတက်မည့်သူများအတွက် ကောလိပ်တက်ခွင့်ပရိုဂရမ် ဖြစ်ပါသည်။ OCC Mentors ဆရာများသည် လူငယ်များနှင့်မိသားစုများအတွက် ရှာဖွေလေ့လာခြင်း ကျောင်းအပ်နှံခြင်းအထိ တစ်ဦးချင်းအလိုက် ကောလိပ်အတွက် ဆွေးနွေးတိုင်ပင်ခြင်းများကို အလေးထားဆောင်ရွက်ပေးပါသည်။ ကျွန်ုပ်တို့၏ဆရာများသည် MNPS ၏အများဆုံးလိုအပ်နေသော အထက်တန်းကျောင်း ၁၀ ကျောင်းတွင် အခြေခံပါသည်။ အများပြည်သူစာကြည့်တိုက်ခွဲများတွင် ညနေ ပိုင်းသင်ကြားပေးမှုများ အပါအဝင် ကျောင်းပြင်ပပံ့ပိုးပေးမှုတို့ကိုပါ ပြုလုပ်ဆောင်ရွက်ပေးပါသည်။

*Oasis Transitions* အကူးအပြောင်းသည် လုပ်ငန်းခွင်အတွက် အဆင်သင့်ဖြစ်စေသောဆောင်ရွက်ပေးမှုများ၊ပရိုဂရမ်၏ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ် ၃ ခုသည် တစ်ဦးချင်းနှင့်စိတ်တူကိုယ်တူအဖွဲ့တို့၏လုပ်ရှားမှုများတို့ကို Case Managers, volunteer career mentors ဆရာများနှင့်အလုပ်အကိုင်ရှာဖွေရေး စပါယ်ရှယ်လစ်တို့၏ကူညီပေးမှုတို့ဖြင့် ပေါင်းစပ်ထားပါသည်။ လူငယ်များသည် သူတို့၏အားသာချက်များကို သိရှိရသောအခွင့်အရေးများ၊ လုပ်ငန်းများအကြောင်းကို လေ့လာသင်ယူခြင်းများ(ဥပမာ – အလုပ်တွင် သူတပါးလုပ်ကိုင်သည်ကို အနီးကပ်လေ့လာခြင်း)၊ လုပ်ငန်းခွင်ဝင်အဆင်သင့်ဖြစ်မှုသင်တန်း၊အနီးကပ်သင်ကြားခွင့်ရသောအလုပ်အတွေ့အကြုံ(ဥပမာ–နွေရာသီအလုပ်များ)၊စက်ရုံလက်မှတ်များကို ရရှိခြင်းနှင့် အလယ်တန်းနောက်ပိုင်းပညာရေး/သင်တန်းများတို့တွင် အပ်နှံခြင်းများအစရှိသည့်အခွင့်အရေးများကို ရရှိပါသည်။ အဆင့် ၃ ဆင့်ပြီးသည့်နောက် လူငယ်များကို နောက်ဆက်တွဲ ကူညီပေးမှုကို တစ်နှစ် ကူညီပေးပါသည်။ နွေရာသီအလုပ်များကို စိတ်ဝင်စားကြသောGlencliff, Overton and Hillsboro မှ ကျောင်းသားများအတွက် Opportunity Now Zone leader ခေါင်းဆောင်အဖြစ် လောလောလတ်လတ် ရွေးချယ်ထားပါသည်။

*Oasis Venture* သည် အထက်တန်းကျောင်းသားများအတွက် စီးပွါးရေးလုပ်ငန်းရှင် သင်တန်းနှစ်ခုကို ပြုလုပ်ပေးပါသည်။ ၁၆ ပတ်ကြာ ပရိုဂရမ်၏အဖွဲ့အတွေ့အကြုံသည် စီးပွါးရေး အတတ်ပညာကို တည်ဆောက်ခြင်း၊လူမှုရေး လိုအပ်ချက်များကို ရှာဖွေခြင်းနှင့်လုပ်ငန်းရှင်များမှ ကူညီပေးမှုဖြင့် အလားအလာရှိသော လူမှုစီမံကိန်းလုပ်ငန်းများကို ဖန်တီးခြင်းတို့တွင် လူငယ်များကို စခန်းသွင်းလေ့ကျင့်ပေးပါသည်။ အခြားသူများအတွက် အရေးပါသောစီးပွါးရေးလုပ်ငန်းအယူအဆအမြင်များကို သင်ယူလေ့လာရန်အတွက် လက်တွဲသင်ကြားပေးသောသင်ခန်းစာများကို လူငယ်များဖြင့် ထိတွေ့စေသည့် သုံးလပတ်တစ်ခုစီတိုင်းတွင် တရက်တာ ကွန်မြူနီဝပ်ရှောသင်တန်းများကို ပြုလုပ်ပေးပါသည်။

Oasis သည် အထက်ဖော်ပြပါအရာများထက်ပိုပြီး လုပ်ဆောင်နေသောလူငယ်များအတွက် ပြည့်စုံကျယ်ပြန့်သော နောင်တစ်ချိန်တွင် သိသာခြားနားလာမည့်ပရိုဂရမ်ကို ပြုလုပ်ပေးပါသည်။

**Progreso Community Center-Centro Comunitario Progreso**
5666 Nolensville Pike, Nashville TN 37211
www.progresocommunitycenter.org
615-365-9002; info@progresocommunitycenter.org

Progresso Community Center ၏ခံယူချက်တာဝန်မှာ ယဉ်ကျေးမှုမတူညီခြားသည့်အခြေအနေတွင် လူမှု စည်းလုံးမှုရှိစေရန်အတွက် ပံ့ပိုးမှုကို လုပ်ဆောင်နေစဉ် စပိန်လူမျိုးနှင့် အထွေထွေ ကွန်မြူနတီတို့၏အကျိုးကျေးဇူးပေါင်းနှင့် လူမှုပြောင်းလဲမှုအတွက် ကွန်မြူနတီဆောင်ရွက်မှု၏ ပါဝင်ရသည့် လုပ်ငန်းစဉ်များတွင် ပါဝင်ရန်အတွက် Hispanic ကွန်မြူနတီ၏ မင်ဘာများ၏အရည်အသွေးကို တည်ဆောက်ရန်နှင့်စုစည်းရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အခြေခံ၊အလယ်အလတ်နှင့်စကားပြော အင်္ဂလိပ်စာသင်တန်းများကိုလည်း ပြုလုပ်ပေးပါသည်။ သင်တန်းတိုင်းသည် ၆ ပတ်ကြာပါသည်။ ကျွန်ုပ်တို့၏ ESL သင်တန်း များသည် အများအားဖြင့် စပိန်ဘာသာဖြင့် သင်ကြားပါသည်။ ကျွန်ုပ်တို့၏အတန်းများမှာ အပိုင်းတစ်ခုလျှင် $ ၅၀ ဖြစ်ပါသည်။

**Respect Nashville**
404 James Robertson Parkway, Suite 130, Nashville TN 37219; 615-669-6223;
http://respectnashville.org/

Respect Nashville သည် မုန်းတီးခြင်း၊အနှောင့်အယှက်ပေးခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်းများဖြစ်ပေါ်ပါက အကြောင်းကြားပေးခြင်းတို့ကို ပြုလုပ်ပေးပါသည်။ ထို့ပြင် သင်တို့အတွက် လိုအပ်သောမှီငြမ်းစရာများ သို့မဟုတ် လွှဲပြောင်းပေးခြင်းတို့ကိုလည်း ပြုလုပ်ပေးမှုများ ရှိနိုင်ပါသည်။ ခေါ်ဆိုသည့်ဖုန်းများကို အခြားသူများမသိစေရန် လျှို့ဝှက်ထားပါသည်။

**Safe Haven Family Shelter**
1234 3rd Avenue South Nashville, TN 37210
615-256-8195
Safehaven.org

Safe Haven သည် အကူအညီနှင့်နေထိုင်ရန် ချက်ချင်း လိုအပ်ခြင်း၊ငွေကြေးဆိုင်ရာအသိပညာ၊အလုပ်အကိုင်သင်တန်းနှင့် အလုပ်ရှာဖွေခြင်း နှင့် အရေးပေါ်အခြေအနေအတွက် စီမံခန့်ခွဲမှုများတို့ကို ကျွန်ုပ်တို့၏ ပရိုဂရမ်များအားဖြင့် အိမ်ခြေမရှိသူများအတွက် ကူညီပေးပါသည်။ ကျွန်ုပ်တို့သည် အဖြစ်အပျက် အခြေခံ (ဥပမာ-စိတ်မချမ်းမြေ့စရာအတွက် စောင့်ရှောက်ဂရုစိုက်ခြင်း ၊ စိတ်အားထက်သန်ဖွယ်ရာ အင်တာဗျူးခြင်း၊အရေးပေါ် အခြေအနေဖြစ်ခြင်းမှ ကာကွယ်ခြင်း၊မိဘ သားသမီး ဆက်ဆံရေး ကုစားမှု) အစရှိသည်တို့ကို ဘက်စုံမှ ပေါင်းစပ်ထားကာ ၊ Housing First Strategy ဖြင့်လည်း ဆောင်ရွက်ပါသည်။
Coordinated Entry System: (615)862-6444

**Salahadeen Center of Nashville**
364 Elysian Fields Ct.Nashville,TN.37211
615-333-0530; scn@scntn.org
www.scntn.org

အကျိုးအမြတ်မယူဘဲ ဘာသာရေး(မူစလင်)၊ပညာရေး၊လူမှုရေးနှင့်ရိုးရာယဉ်ကျေးမှုဆိုင်ရာဝန်ဆောင်မှုများ၊ကွန်မြူနတီလှုပ်ရှားမှုများတို့အပါအဝင်၊သောကြာနေ့၊အိစ် Eid ဝန်ဆောင်မှုများနှင့် လူငယ်များအတွက် ပြည့်စုံကျယ်ပြန့်သောပညာရေးပရိုဂရမ်များတို့ကို ဆောင်ရွက်ပေးပါသည်။

**Sebelist Buchanan Law**
2300 21st Ave. S Suite 201 Nashville TN 37212
615-345-0266; bbuchanan@sblimmigration.com
www.sblimmigration.com

လူဝင်မှုကြီးကြပ်ခြင်း ဥပဒေနှင့်စီတီဇင်နိုင်ငံသားဖြစ် ဝန်ဆောင်မှုများတို့ကို ပြုလုပ်ပေးပါသည်။ ဆွေးနွေးတိုင်ပင်ခမှာ $၂၈၀ ဖြစ်ပြီး အမှုအခင်းပေါ်တွင် မူတည်ပြီး အမှုတိုင်းအတွက် အခြေခံသတ်မှတ်နှုန်း ရှိပါသည်။

**Second Harvest Food Bank of Middle TN**
331 Great Circle Road, Nashville, TN 37228
615-329-3491
secondharvestmidtn.org

Second Harvest ၏ခံယူချက်တာဝန်မှာ ဆာလောင်နေသူများကို ကျွေးမွေးရန်နှင့်ကျွန်ုပ်တို့၏ကွန်မြူနီအတွင်း ငတ်မွတ်သည့်ပြဿနာများကို ဖြေရှင်းရန်အတွက် ဆောင်ရွက်နေပါသည်။ အစာအသောက်အကူအညီ၊ SNAP လျှောက်လွှာတင်ခြင်းအတွက် ကူညီ ပေးခြင်းတို့ကို ပြုလုပ်ပေးပါသည်။

**Sew For Hope**
48909 Nolensville Pk, Nashville, TN 37211
615-540-4411; info@sewforhope.org
www.sewforhope.org

Sew For Hope သည် ဈေးကွက်တွင်းတင်ပို့နိုင်အောင်နှင့် အလုပ်အကိုင်ရရှိစေရန်အတွက် Nashville မှ ဒုက္ခသည်များအတွက် စက်ချုပ်သင်တန်းများတို့ကို ပြုလုပ်ပေးပါသည်။

၃ နာရီကြာသောသင်တန်း သို့မဟုတ် အပတ်တိုင်း ၉-၁၁း၄၅ နာရီ သို့မဟုတ် ၁၂း၁၅-၃ နာရီ ၁၆ ပတ်မှ ၁၈ ပတ်ကြာ သင်တန်းတို့ကို ပြုလုပ်ပေးပါသည်။ သင်တန်းများမှာ တနင်္လာမှ ကြာသပတေးနေ့အထိ MNPS calendar ပြက္ခဒိန်အတိုင်း ဖြစ်ပါသည်။ အခြေခံစက်ချုပ်သင်တန်းပြီးသူများသည် အလယ်အလတ်နှင့်အဆင့်မြှင့်သင်တန်းများအတွက် ၃ လပတ် semester သင်တန်းတစ်ခုစီအတွက် $၄၀ ကို ပေးပြီး တက်နိုင်ပါသည်။ မေလ ၁ ရက်၊မနက် ၁၀း၀၀ နာရီတွင် စတင်ပြီး ၂၀၁၇ Fall သင်တန်းအတွက် နာမည်စာရင်းပေးသွင်း နိုင်ပါသည်။ ကျွန်ုပ်တို့၏ဆိုင်နေရာသည် Thriftsmart အတွင်း အနောက်ဖက်ဘယ်ဖက်ခြမ်းထောင့်တွင် ရှိပါသည်။
ပရိုဂရမ်အတွင်းတက်ရောက်သူများသည် semester တစ်ခုစီအတွက် $၄၀ ကို ပေးရပြီး အခြေခံစက်ချုပ် သင်တန်းပြီးထားသူများအတွက် လက်မှတ်ပေးပွဲတွင် စက်ချုပ်စက်အသစ်အပါအဝင် လိုအပ်သောပစ္စည်းများတို့ကို ထောက်ပံ့ပေးပါသည်။

**Sexual Assualt Center**
101 French Landing Drive, Nashville TN 37228;
amarkham@sacenter.org; 615-259-9055;
www.sacenter.org

The Sexual Assault Center (S.A.C.) သည် Middle Tennessee တွင် တစ်ခုတည်းရှိသောအေဂျင်စီဖြစ်ကာ ၄င်းသည် လိင်ပိုင်း အကြမ်းဖက်ခံခဲ့ရသူများအတွက် အထူးသီးသန့်အရေးယူပြုမူကုသခြင်းကို ပြုလုပ်ပေးပါသည်။ S.A.C မှ လုပ်ဆောင်ပေးသောပရိုဂရမ်များမှာ ငယ်ဘဝလိင်ပိုင်းအကြမ်းဖက်ခံရသောလူကြီးများ၊မုဒိမ်းကျင့်ခံရသူများ၊လိင်ပိုင်းအကြမ်းဖက် နှိပ်စက်ခံရသောကလေးများ၊လိင်ပိုင်းအကြမ်းဖက်နှိပ်စက်ခံရသော ကလေးများ၏ အကြမ်းဖက်ခြင်းကို မပြုလုပ်သည့်ထိန်းသိမ်းစောင့်ရှောက်သူများနှင့်စော်ကားခံရသူ၏ခံစားနေရသောအရာကို နောက်ဆက်တွဲ ခံစား

နေရသူများစသည်တို့ကို အုပ်စုလိုက်ဆွေးနွေးတိုင်ပင်ခြင်းကို ပြုလုပ်ပါသည်။ ဘေးဒုက္ခခံရသူများ/စော်ကားခံရသူများ၊ဘေးဒုက္ခခံရသူများ/စော်ကားခံရသူများ၏မိသားစုမိတ်ဆွေများနှင့် ထိုကဲ့သို့ ခံစားရသူများ၏မိသားစုမင်ဘာများနှင့်လိင်ပိုင်းကျူးလွန်ခံခဲ့ရသူများအတွက် ကူညီပေးသောဝန်ဆောင်မှုများတို့ကို ဆောင်ရွက်ပေးသော၂၄ နာရီ အရေးပေါ်ကူညီပေးသောဖုန်းလိုင်း Crisis Support Line ရှိပါသည်။ လိင်ပိုင်းအကြမ်းဖက်ခံခဲ့ရသောစပိန်လူမျိုးများအတွက် တိုက်ရိုက်ဝန်ဆောင်ပေးခြင်းများနှင့်ကာကွယ်ခြင်းနှင့်ကူညီပေးသည့်ပရိုဂရမ်များ။ မုဒိမ်းကျင့်ခံရသူများကို တရားဝင်ဆေးစစ်ချက်အတွက် Nashville Metro General Hospital အထွေထွေ ဆေးရုံကြီးတွင် မုဒိမ်းကျင့်ခံရသူများအတွက် ကူညီပံ့ပိုးပေးမှု၊ကူညီပေးသည့်နေရာနှင့်အဆက်အသွယ်များတို့ကို ပြုလုပ်ပေးရန်အတွက် ဆေးရုံဖြင့်တွဲထားသောပရိုဂရမ် ရှိပါသည်။

**Siloam Health**
820 Gale Lane, Nashville, TN 37204
625-298-5406; siloamhealth.org

ကျန်းမာရေးဝန်ဆောင်မှုများကို ရရှိရန် အခက်အခဲရှိသောသူများ သို့မဟုတ် ကျန်းမာရေးအာမခံချက် မရှိသောလူနာများအတွက် ဆောင်ရွက်ပေးသော အကျိုးအမြတ်မယူသောကျန်းမာရေးကူညီပေးသည့်ဆေးခန်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကျန်းမာရေး အာမခံ မရှိသောသူများအတွက် ဦးစားပေးအဓိက သို့မဟုတ် ကျန်းမာရေး လိုအပ်ချက်အလိုက် ဂရုစိုက်ပေးပါသည်။ လူနာများကို သေချာဂရုစိုက်ခြင်းနှင့်ထိုသူတို့၏ရိုးရာခံယူချက်ကိုလည်း အလေးထားပါသည်။ sliding scale ဝင်ငွေပေါ်တွင် အခြေခံပြီး အခကြေးငွေများကို သတ်မှတ်ပါသည်။

**STMP, The Holy Family Health Center**
4928 Edmondson Pike Suite 205 Nashville, TN 37211
615-222-1400
saintthomasdoctors.com

Holy Family Health Center သည် မိသားစုကျန်းမာရေး၊ ကိုယ်ဝန်ဆောင်များ၊ ဆွေးနွေးတိုင်ပင်ပေးခြင်းနှင့်အာဟာရဆိုင်ရာဝန်ဆောင်မှုများတို့ကို ပြုလုပ်ပေးပါ၏။ ကုသဆောင်ရွက်ခွင့်ကို ရရှိသောသူများသည် အခကြေးငွေအဖြစ် $ ၂၀ ကို copay ကြိုတင်ပေးဆောင်နိုင်ပါသည်။ Insurances ကျန်းမာရေးအာမခံ အများစုကို လက်ခံပါသည်။

**Tennessee Foreign Language Institute**
220 French Landing Dr., Suite 1-B, Nashville, TN 37243
615-741-7579; info@tfli.org
http://tfli.org/

TFLI သည် ဘာသာပြန်ပေးခြင်းနှင့်စကားပြန်ပေးသည့်ဝန်ဆောင်မှုများ၊ နိုင်ငံခြားဘာသာစကားနှင့်အင်္ဂလိပ်စာသင်တန်းများနှင့် ဒုတိယဘာသာစကားအဖြစ် အင်္ဂလိပ်စာသင်ကြားပေးခြင်းအတွက် လက်မှတ်ပေးခြင်းအစရှိသည်တို့ကို ပြုလုပ်ပေးပါသည်။ ဘာသာစကားပေါင်း ၇၀ကျော်ဖြင့် စကားပြန်ပေးခြင်း၊ဖုန်းဖြင့် စကားပြန်ပေးခြင်း၊ဘာသာပြန်ပေးခြင်း၊ဒုတိယဘာသာစကားအဖြစ် အင်္ဂလိပ်စာကို လေ့လာသောသက်ကြီးလူကြီးအတန်းများနှင့်ဓလေ့ထုံးစံသင်တန်းများ၊ ESL To Go အတန်းများ၊ နိုင်ငံခြားဘာသာစကားလေ့လာသောသက်ကြီးအတန်းများနှင့်ဓလေ့ထုံးစံသင်တန်းများ အစရှိသည်တို့ ရှိပါသည်။

Fees သင်တန်းကြေး – ပရောဂျက်အလိုက် ဘာသာပြန်ပေးခြင်းနှင့်စကားပြန်ခြင်း၊ ESL သင်တန်းများ ၆ ပတ်လျှင် $ ၁၆၅၊ ဒုက္ခသည်များအတွက် ESL To Go အခမဲ့အင်္ဂလိပ်စာ၊ ၃ လလျှင် $ ၃၇၅၊ ESL နှင့် FL အခြားဘာသာစကားပြောသင်တန်းကြေးများအတွက် ဆက်သွယ်ပါ။

**Tennessee Immigrant & Refugee Rights Coalition**
2195 Nolensville Pike Nashville, TN 37211
615-833-0384; resources@tnimmigrant.org
www.tnimmigrant.org

Tennessee Immigrant and Refugee Rights Coalition (TIRRC) သည် ပြည်နယ်တစ်လွှား၊နိုင်ငံပြောင်းရွှေ့နေထိုင်သူနှင့်ဒုက္ခသည်များတို့ဦးဆောင် လက်တွဲဆောင်ရွက်သောသူတို့၏ ခံယူချက်တာဝန်မှာ နိုင်ငံပြောင်းရွှေ့နေထိုင်သူနှင့်ဒုက္ခသည်များကို တင်နင်စီတစ်လျှောက် စည်းလုံးသည့်သဘောထားကို ဖွံ့ဖြိုးလာရန် ၊ သူတို့၏အခွင့်အရေးများကို ကာကွယ်ရန်နှင့် ပြည်နယ်အတွက် အပြုသဘောဆောင်သောပါဝင်ကူညီသူအဖြစ် သူတို့ကို သိရှိသောနေရာကို ဖန်တီးရန် ဖြစ်ပါသည်။ ကမ်းလှမ်းချက်များတွင် ဥပဒေပိုင်းကူညီညီပေးမှု၊နိုင်ငံသားဖြစ်ခြင်း၊မိသားစုခိုကိုးရာသင်တန်းများ၊တရားဥပဒေပိုင်းအစီအစဉ်ကို ပြသမှု၊မိသားစု အစီအစဉ်အတွက် ကူညီမှုနှင့်ရှေ့နေများ၏အစွမ်း၊မှီခိုအားထားရာများကို လွှဲပြောင်းပေးမှု၊အင်္ဂလိပ်စာသင်တန်းများနှင့်၊အခွင့်အရေးများကို သိရှိခြင်း၊ နိုင်ငံသားဖြစ်ခြင်း၊ပြန်ပို့ခြင်းကို ခုခံကာကွယ်မှု၊ မိသားစုအစီအစဉ်၊အလုပ်အသမားများ၏အခွင့်အရေးများ၊ ပေါ်လစီများနှင့်

ခေါင်းဆောင်ပိုင်းဖွံ့ဖြိုးတိုးတက်မှုသင်တန်းစသည်တို့ကို နိုင်ငံပြောင်းရွှေ့နေထိုင်သူကွန်မြူနတီမင်ဘာများအတွက် ဆောင်ရွက်ပေးပါသည်။

**TN Latin American Chamber of Commerce**
615-828-0987; chamber@tlacc.org
tlacc.org

လာတီနို စပိန်စကားပြောစီးပွါးရေးကွန်မြူနတီအဖွဲ့ကို greater Tennessee and beyond ဖြင့် ဆက်သွယ်ပေးရန် မင်ဘာများနှင့်ပါတနာများအတွက် ပိုကောင်းအောင်မြှင့်တင်ပေးမှုနှင့် ပညာရေးအခွင့်အလမ်းများတို့ကို ဖန်တီးပေးပါသည်။ TLACC website တွင် နှစ်စဉ်မင်ဘာကြေးများကို ပေးနိုင်ပါသည်။

**University Community Health Services**
601 Benton Avenue
615-292-9770; katie.fogarty@uchshealth.org
www.uchshealth.org

UCHS သည် **YMCA** ၏ကျန်းမာရေးအာမခံရှိသူများ သို့မဟုတ် မရှိသောသူများကို ကျန်းမာရေးဂရုစိုက်မှုအတွက် ကူညီရန် လိုအပ်သည့်အရာများတို့ဖြင့် ဆောင်ရွက်ပေးသော FQHC ကွန်မြူနတီ ကျန်းမာရေးဂရုစိုက်သောအဖွဲ့အစည်း ဖြစ်ပါသည်။ အခြေခံအထွေထွေကျန်းမာရေးဂရုစိုက်မှု၊ကလေးများအတွက်၊အမျိုးသမီးကျန်းမာရေး၊နှင့်သားဖွါးခြင်းတို့ကို ပြုလုပ်ပေးပါသည်။ အခကြေးငွေနှင့်နောက်ထပ်အကြောင်းအရာများမှာ – ကျန်းမာရေးအာမခံမရှိသောလူနာများကို မိသားစုအရေအတွက်နှင့် မိသားစုဝင်ငွေပေါ်မူတည်ပြီး ကျန်းမာရေးအာမခံအများစုကို လက်ခံပါ၏။

**Workforce Essentials**
Locations in Antioch, Rivergate, West Nashville;
jkleinschmit@workforceessentials.com;
615-761-6073; www.workforceessentials.com

Workforce Essentials Adult Education program ပရိုဂရမ်သည် ယနေ့ကာလ၏အလုပ်များသောလူကြီးများအတွက် အလွန်ကောင်းမွန်ပါသည်။ ကျွန်ုပ်တို့သည် အသက် ၁၇ နှစ်အထက်ရှိသောသူများအတွက် HiSET အတွက် ပြင်ဆင်ပေးသောသင်တန်းများနှင့် ESL အင်္ဂလိပ်စာသင်တန်းများတို့ကို ပြုလုပ်ပေးပါသည်။ ကျွန်ုပ်တို့က ဆက်တိုက်အပ်နှံပေးသည့်အတွက် နောက်ထပ်သင်တန်းအသစ်ကို စတင်နိုင်ရန် မလိုအပ်ပါ။ ပိုပြီးမြင့်သောအဆင့်များအတွက် အွန်လိုင်းအတန်းများရှိသကဲ့သို့ မနက်နှင့်ညနေပိုင်းများတို့တွင် အချိန်အမျိုးမျိုးရွေးချယ်နိုင်သော campus classes အတန်းများကိုပါ ပြုလုပ်ပေးပါသည်။ ကျောင်းသားများကို ပြင်ဆင်ခြင်းတွင် ကူညီပေးနိုင်ရန်အတွက် တစ်ဦးချင်း၊အုပ်စုလိုက်နှင့်လူနည်းစုဖြင့် သင်ကြားပေးခြင်းတို့ကို ပြုလုပ်ပေးပါသည်။ စာမေးပွဲအတွက် ကူညီပြင်ဆင်ပေးနိုင်ရန် လေ့လာခြင်းအတွက် လိုအပ်သောပစ္စည်းများနှင့်မှီငြမ်းစရာများတို့ကို ပံ့ပိုးပေးပါသည်။ သူတို့၏ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန်အတွက် ကြိုးစားနေသောအရွယ်ရောက်ပြီးသူများကို ကျွန်ုပ်တို့၏ဝန်ထမ်းများမှ စိတ်အားထက်သန်စွာ ကူညီပေးပါသည်။

**YWCA of Nashville & Middle Tennessee**
1608 Woodmont Blvd., Nashville
615-983-5111; tonja.trice@ywcanashville.com
https://ywcanashville.com/

YWCA Nashville & Middle Tennessee သည် လူမျိုးခွဲခြားခြင်းကို ပယ်ဖျက်ခြင်း၊အမျိုးသမီးများကို ထောက်ခံခြင်းနှင့်၊ငြိမ်းချမ်းရေး၊တရားမျှတရေး၊လွတ်လပ်ရေးနှင့်ဂုဏ်သိက္ခာတို့ကို ထောက်ခံအားပေးခြင်းတို့ကို ထက်သန်စွာ ဆောင်ရွက်ပါသည်။ သက်ကြီးပညာရေးဝန်ဆောင်မှုများ၊ကလေးများ၏ပညာရေးနှင့်မိဘများ၏ပညာရေးတို့အတွက်ပါ ဆောင်ရွက်ပေးပါသည်။